mgyoe.com



# မင်္ဂလာ

ဒဂုန်ဦးထွန်းမြင့်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

မင်္ဂလာ

ကြီးပွားကြောင်း၊
အောင်မြင်ကြောင်း
ကောင်းသောအရာကို
မင်္ဂလာဟု ခေါ်သည်။

dutm0002

mgyoe.com

900.00 Ks

mgyoe.com

# မင်္ဂလာ

ဒဂုန်ဦးထွန်းမြင့်


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၀ ၃၃၀ ၀၄၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၀၀ ၄၁၀ ၀၇၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| | | |
| မျက်နှာဖုံးပန်းချီ | - | ဓာတချို |
| ကွန်ပျူတာဗလင် | - | ဒီဇဲလ် |
| လက်ခွဲဗလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၂၉ · ၃

ထွန်းမြင့်၊ ဦး၊ ဒဂုန်

မင်္ဂလာ /

ဒဂုန်ဦးထွန်းမြင့်၊ - ရန်ကုန်၊

စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂၊

စာမျက်နှာ ၁၀၃ မျက်နှာ၊

၁၀ စင်တီ × ၁၆ · ၅ စင်တီ

(၁) မင်္ဂလာ

၂၀၁၂ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၉၀၀ ကျပ်


mgyoe.com

mgyoe.com

အိတ်ဆောင်

# မင်္ဂလာ

ဒဂုန်ဦးထွန်းမြင့်

ရှင်းလင်းသော တအုပ်ဆိုင်ကြီးလည်း ထွက်ရှိပါသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


## မာတိကာ


| | |
|---|---|
| ၁။ အသေဝနာ စ ဗာလာနံ | ၈ |
| ၂။ ပဏ္ဍိတာနဉ္စ သေဝနာ | ၁၀ |
| ၃။ ပူဇာ စ ပူဇနေယျာနံ | ၁၂ |
| ၄။ ပဋိရူပ ဒေသဝါသော စ | ၁၄ |
| ၅။ ပုဗ္ဗေစ ကတပုညတာ | ၁၆ |
| ၆။ အတ္တသမ္မာ ပဏိဓိစ | ၁၈ |
| ၇။ ဗာဟုသစ္စဉ္စ | ၂၀ |
| ၈။ သိပ္ပဉ္စ | ၂၂ |
| ၉။ ဝိနယောစ သုသိက္ခိတော | ၂၄ |
| ၁၀။ သုဘာသိတာစ ယာဝါစာ | ၂၆ |
| ၁၁။ မာတာပိတု ဥပဋ္ဌာနံ | ၂၈ |
| ၁၂။ ပုတ္တဒါရဿ သင်္ဂဟော | ၃၀ |
| ၁၃။ အနာကုလာစ ကမ္မန္တာ | ၃၂ |
| ၁၄။ ဒါနဉ္စ | ၃၄ |
| ၁၅။ ဓမ္မစရိယာစ | ၃၆ |
| ၁၆။ ဉာတကာနဉ္စ သင်္ဂဟော | ၃၈ |
| ၁၇။ အနဝဇ္ဇာနိ ကမ္မာနိ | ၄၀ |
| ၁၈။ အာရတိ ပါပါ | ၄၂ |
| ၁၉။ ဝိရတိ ပါပါ | ၄၄ |
| ၂၀။ မဇ္ဇပါနာစ သံယမော | ၄၆ |
| ၂၁။ အပ္ပမာဒေါစ ဓမ္မေသု | ၄၈ |


mgyoe.com

mgyoe.com


၂၂။ ဂါရဝေါစ ၅၀
၂၃။ နိဝါတောစ ၅၂
၂၄။ သန္တုဋ္ဌိစ ၅၄
၂၅။ ကတညုတာ ၅၆
၂၆။ ကာလေန ဓမ္မဿဝနံ ၅၈
၂၇။ ခန္တီစ ၆၀
၂၈။ သောဝစဿတာ ၆၂
၂၉။ သမဏာနဉ္စ ဒဿနံ ၆၄
၃၀။ ကာလေန ဓမ္မသာကစ္ဆာ ၆၆
၃၁။ တပေါစ ၆၈
၃၂။ ဗြဟ္မစရိယဉ္စ ၇၀
၃၃။ အရိယသစ္စာန ဒဿနံ ၇၂
၃၄။ နိဗ္ဗာန သစ္ဆိကိရိယာစ ၇၄
၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံယဿ နကမ္ပတိ ၇၆
၃၆။ ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံယဿ အသောကံ ၇၈
၃၇။ ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံယဿ ဝိရဇံ ၈၀
၃၈။ ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံယဿ ခေမံ ၈၂
– မင်္ဂလာသုတ်ပါဠိတော်နှင့်အသံထွက် ၈၄
– ၃၈ ဖြာ မင်္ဂလာကဗျာ ၉၂

mgyoe.com

mgyoe.com


## မင်္ဂလာ

ကြီးပွားကြောင်း အောင်မြင်ကြောင်း ကောင်းသောအရာကို မင်္ဂလာဟု ခေါ်ပါသည်။

## မင်္ဂလာ၏အကျိုး

မင်္ဂလာတရားအတိုင်း လိုက်နာလျှင် ပညာလည်း တတ်မည်။ ပစ္စည်းဥစ္စာလည်း ပေါများမည်။ အမှန်မုချ ကြီးပွားရမည်။ ဘယ်ကိစ္စမှာမဆို အောင်မြင်ရမည်။

## မင်္ဂလာကို ဘာကြောင့် ဟောသလဲ၊ ဘယ်ပုဂ္ဂိုလ် ဟောသလဲ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ်အခါ နတ်သားတစ်ပါးက– "လူတွေ နတ်တွေအကုန် မင်္ဂလာဆိုတာ ဘယ်တရားလဲဟု ကြံစည် တွေးတောကြတာ တစ်ဆယ့်နှစ်နှစ်ကြာပါပြီ၊ မသိကြပါ၊ မြတ်စွာဘုရား ဟောပြတော်မူပါ" ဟု တောင်းပန်သဖြင့် မြတ်စွာဘုရားသည် မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးကို ဟောတော်မူသည်။

mgyoe.com

mgyoe.com


## လူဗြေးသားသူတောင်းစား

**၁။ အသေဝနာစ စာထာန်**

လူမိုက်များကို မပေါင်းသင်းဘဲ ရှောင်ခြင်းသည် မင်္ဂလာမည်၏။


လူဆိုး လူမိုက်များနှင့် ပေါင်းသင်းလျှင် သူတို့နှင့်အတူ မကောင်းသော အလုပ်ကို လုပ်မိ၍ ဒုက္ခရောက်တတ်သည်။ ပျက်စီးတတ်သည်။ မပေါင်းဘဲနေလျှင် ဆင်းရဲဒုက္ခ မတွေ့ရဘဲ ကြီးပွားချမ်းသာရ၏။ ထို့ကြောင့် လူမိုက်များကို မပေါင်းသင်းဘဲ ရှောင်ခြင်းကို မင်္ဂလာဟု ဆိုရလေသည်။

---

ဗာရာဏသီပြည်၌ သူဌေးသားတစ်ယောက်သည် မိဘများ သေသောအခါ အရက်သမား၊ ဖဲသမား၊ လူဆိုး၊ လူမိုက်များနှင့် ပေါင်းသဖြင့် ရှိသမျှ ပစ္စည်းဥစ္စာတွေ ကုန်ကာ သူတောင်းစားအဖြစ်ဖြင့် တောင်းစားသော ဘဝသို့ ရောက်သွားရလေ၏။

'တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး'

mgyoe.com




mgyoe.com

mgyoe.com


## လူဆိုးကြီး အင်္ဂုလိမာလ

၂။ ဝဏ္ဏိတာနုရူသောဝနာ

ပညာရှိကို ပေါင်းခြင်း၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မင်္ဂလာမည်၏။

ပညာရှိကို ဆည်းကပ် ပေါင်းသင်းသော သူသည် လူလိမ္မာလူကောင်း အဖြစ်သို့ရောက်၍ ကိုယ်တိုင် ပညာရှိ ဖြစ်လာနိုင်သည်။ လူလိမ္မာ လူကောင်းဖြစ်လျှင် မှုချကြီးပွားချမ်းသာရ၏။ ကိုယ်တိုင်ပညာရှိဖြစ်လျှင် မနိမ့်ကျဘဲ အရာရာ၌ အောင်မြင်လေသည်။ ထို့ကြောင့် ပညာရှိကို ဆည်းကပ်ပေါင်းသင်းခြင်းကို မင်္ဂလာဟု ဆိုရလေသည်။

---

အင်္ဂုလိမာလမည်သော လူဆိုးကြီးသည် လူများကို သတ်၍ လက်ညှိုးများကို ဖြတ်ယူကာ ကြိုးနှင့်သီပြီး လည်ပင်း၌ဆွဲထားသည်။ တစ်နေ့သောအခါ သူ၏ မိခင်ကို သတ်မည်ဟု လိုက်ရာတွင် ပညာရှိဖြစ်သော မြတ်စွာဘုရားနှင့်တွေ့၍ တစ်ခဏမျှ စကားပြောရသဖြင့် အကျွတ်တရား ရကာ ရဟန္တာကြီး ဖြစ်သွားလေသည်။

'ပန်းသတင်းလေညင်းဆောင်၊ လူ့သတင်းလူချင်းဆောင်'

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## မဋ္ဌကုဏ္ဍလီ

၃။ ပူဇာစ ပူဇနေယျာနံ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာမည်၏။

ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါး၊ မိဘနှစ်ပါး၊ ဆရာများသည် ပူဇော်ထိုက်သောသူများဖြစ်ကြ၏။ အိပ်ရာဝင်သောအခါ ဘုရားရှိခိုး၍ မိဘဆရာသမားများကို ရှိခိုးကန်တော့သောသူသည် ဘုန်းကြီး၍ အသက်ရှည်ရှည်နေရ၏။ လူချစ်လူခင်ပေါများ၍ ကြီးပွားချမ်းသာရ၏။ ထို့ကြောင့် ပူဇော်ထိုက်သူအား ပူဇော်ခြင်းကို မင်္ဂလာဟု ဆိုရလေသည်။

---

မဋ္ဌကုဏ္ဍလီ သတို့သားသည် သေခါနီးဆဲဆဲတွင် မြတ်စွာဘုရား ကြွလာသည်ကို မြင်၍ လက်အုပ်မချီနိုင်သောကြောင့် စိတ်ထဲကသာ ရှိခိုးပူဇော်ရရှာ၏။ ထို့နောက် သေသောအခါ နတ်ပြည်တွင် နတ်သား ဖြစ်ရလေသည်။

'အဝိုကောင်းကချပ်သားရ'

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


# နေသင့်သည့်ရွာ

**၄။ ပဋိရူပ ဒေသဝါသော စ**

လျောက်ပတ်သော အရပ်ဒေသမြို့ရွာဌာနၶ၌ နေခြင်းသည် မင်္ဂလာမည်၏။

ဒီအရပ်မှာ နေက ကုသိုလ်ရရမည်။ ကုသိုလ်မရလျှင် ပညာရရမည်။ ပညာမရလျှင် ဥစ္စာရရမည်။ ထိုသုံးမျိုး တစ်ခုခုရသော အရပ်သည် လျောက်ပတ်သောအရပ် မည်၏။ ထိုအရပ်မျိုး၌ နေသောသူသည် ကြီးပွားချမ်းသာရ၏။ ထို့ကြောင့် လျောက်ပတ်သော (သင့်လျော်သော) အရပ်၌ နေခြင်းကို မင်္ဂလာဟု ဆိုရလေသည်။

---


ပဋိရူပ ရွာကလေးဖြစ်သည်။ ထိုရွာ၌ ဘုန်းကြီးကျောင်း ရှိသဖြင့် ရွာသားများ ကုသိုလ်ရကြ၏။ စာသင်ကျောင်းရှိသဖြင့် ပညာလည်း ရကြ၏။ ဈေးရှိသောကြောင့် ပစ္စည်းဥစ္စာလည်းရရှိကြလေ၏။

'ပျော်ရာမှာ မနေနဲ့၊ တော်ရာမှာနေ'

'အပိုကောင်းလျှင် တစ်ချက်၊ အနေကောင်းလျှင် တစ်သက်'

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ဝိသာခါ

**၅။ ပုဗ္ဗေစ ကတပုညတာ**

ရှေးက ပြုခဲ့ဖူးသည့် ကုသိုလ်ကံရှိခြင်းသည် မင်္ဂလာမည်၏။

ရှေးကပြုခဲ့သည့် ကုသိုလ်ကံ ရှိသောသူများသည် မဆင်းရဲဘဲ ချမ်းချမ်းသာသာ နေကြရ၏။ ထို့ကြောင့် ရှေးက ပြုခဲ့ဖူးသည့် ကုသိုလ်ကံရှိခြင်းကို မင်္ဂလာဟု ဆိုရလေသည်။

---

ကျောင်းအမကြီး ဝိသာခါသည် ရှေးဘဝက ကုသိုလ်ကောင်းမှု ပြုခဲ့သည့်အတွက် အလွန်ချမ်းသာသော သူဌေးကတော်ကြီးဖြစ်ကာ ချမ်းချမ်းသာသာ နေရသည်။ သူဝတ်သော အင်္ကျီရှည်ကြီးမှာ ကိုးကုဋေတန်သော ရတနာအင်္ကျီရှည်ကြီး ဖြစ်သည်။ ထိုအင်္ကျီမျိုးကို ကုသိုလ်ဘုန်းကံရှိသော မိန်းမများသာ ဝတ်ရလေသည်။

'ကုသိုလ်ဖန်ဝိမာန်အသင့်ဘုံအသင့်'

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## သမ္မုလ

၆။ အတ္တသမ္မာ ပဏိဓိစ

မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းဆောက်တည်ခြင်းသည် မင်္ဂလာမည်၏။

မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းဆောက်တည်နိုင်သော သူများသည် မကောင်းရာဘက်သို့ မပါ။ လူဆိုးလူမိုက် မဖြစ်ဘဲ၊ ကောင်းရာဘက်သို့ ပါ၍ လူကောင်းသူကောင်းများဖြစ်ကာ ကြီးပွားချမ်းသာရ၏။ ထို့ကြောင့် မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းဆောက်တည်ခြင်းကို မင်္ဂလာဟု ဆိုရလေသည်။

---

သမ္မုလမင်းသမီးသည် သစ်သီးရှာသွားရာတွင် ဒါနဝဘီလူးကြီးနှင့် တွေ့၍ ဘီလူးက သူ့ကို ချစ်ကြိုက်ရမည်ဟု သွေးဆောင်ဖြားယောင်းသော်လည်း မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းလျက် ဘီလူးအလိုသို့ မလိုက်ဘဲ ရှောင်ကြဉ်ခဲ့လေသည်။

'ကိုယ်တောင်းလျှင်ဧါင်းမလွှ'

mgyoe.com

mgyoe.com






mgyoe.com

mgyoe.com


## အမတ်ကြီး ဘိုးရာဇာ

၇။ စာတုသစ္စ

အကြားအမြင်ဗဟုသုတများခြင်းသည် မင်္ဂလာမည်၏။

စာဖတ်လေ့ရှိသောသူ၊ ပညာဗဟုသုတ ဆည်းပူးသောသူများသည် အသိဉာဏ်တိုး၍ အခြားသူများ မသိသောအရာကို သိသဖြင့် တစ်နေ့နေ့တွင် ကြီးပွားချမ်းသာရ၏။ ထို့ကြောင့် အကြားအမြင် ဗဟုသုတ များခြင်းကို မင်္ဂလာဟု ဆိုရလေသည်။

---

ဝန်စင်းရွာသူကြီး၏သမက် မောင်ရာဇာသည် စာများများဖတ်၍ ပညာဗဟုသုတများစွာရှိ၏။ မင်းကြီးစွာစော်ကဲက မိတ္ထီလာကန်ပေါင်တွင်ရှိသော နတ်စင် အကြောင်းကိုမေးရာ အခြားသူများက မပြောနိုင်ကြချေ။ မောင်ရာဇာသာ ပြောနိုင်သဖြင့် ဘုရင်မင်းမြတ်က ပညာရှိအမတ်ကြီး ခန့်လေ၏။ ဝန်စင်းမင်းရာဇာ အမတ်ကြီးဘိုးရာဇာဟူ၍ ထင်ရှားကျော်စောလေသည်။

'နည်းရောင်း များရောင်း တောင်းပြည့်'

'ပညာရှာ အိုသည်မရှိ'

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## လက်သမားဘုရင်ကြီး

၈။ သိပ္ပံ

အသက်မွေးဝမ်းကျောင်းလုပ်ဖို့ရန် အတတ်ပညာ တစ်ခုခုတတ်ခြင်းသည် မင်္ဂလာမည်၏။

"ပညာမရှိ သူ၏ဝန်ထမ်း" ဆိုသည့်အတိုင်း အတတ်ပညာ မရှိသောသူသည် ကူလီအလုပ်ဖြင့် ပင်ပန်းဆင်းရဲစွာ အသက်မွေးရ၏။ အတတ်ပညာ တစ်ခုခုရှိသောသူသည် သက်သက်သာသာ လုပ်ကိုင်စားသောက်နိုင်သဖြင့် ကြီးပွားချမ်းသာရ၏။ ထို့ကြောင့် အသက်မွေးဖို့ အတတ်ပညာတစ်ခုခု တတ်ခြင်းကို မင်္ဂလာဟု ဆိုရလေသည်။

---

ဗာရာဏသီပြည်၌ လက်သမားဆရာကြီး တစ်ယောက်သည် လက်သမားအတတ်၌ ပြိုင်ဘက်ကင်းအောင် တတ်မြောက်၏။ သူ့၌ တပည့်ပေါင်းများစွာ ရှိ၏။ သူတို့သည် လက်သမားအတတ်ဖြင့်ပင် ချမ်းချမ်းသာသာ အသက်မွေးနေကြ၏။ တပည့်ပေါင်း တစ်သောင်းကျော်အထိ များပြားလာသောအခါ ဟိမဝန္တာအရပ်သို့ ပြောင်းရွှေ့ကာ မြို့တည်၍ ဘုရင်အဖြစ်ဖြင့် အုပ်ချုပ်လေ၏။

'အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါ'

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## တပည့်လိမ္မာ

၉။ ဝိနယောစ သုသိက္ခိတော

ကျင့်ဝတ်တရားကို နားလည်ခြင်းသည် မင်္ဂလာမည်၏။

မိဘအပေါ်ပြုရမည့် ကျင့်ဝတ်တရားကို နားလည်ပြုကျင့်သော သားသမီး၊ ဆရာအပေါ် ပြုရမည့် ကျင့်ဝတ်တရားကို နားလည်ပြုကျင့်သော တပည့်များသည် ကြီးပွားချမ်းသာကြရ၏။ ထို့ကြောင့် ကျင့်ဝတ်တရား နားလည်ခြင်းကို မင်္ဂလာဟု ဆိုရလေသည်။

---

ဗြဟ္မဒတ်မင်းသားသည် တက္ကသိုလ်ပြည်သို့ သွား၍ ပညာသင်ကြားလေရာ ဆရာကြီးကို ဝတ္တရားကျေပွန်အောင် ပြုစုလေ၏။ ဆရာကြီးက ချစ်ခင်သောကြောင့် ပညာကို အကုန်သင်ပေးလျက် ပညာစုံသောအခါ မိမိ၏သမီးနှင့် ထိမ်းမြားပေးလိုက်လေ၏။

'ဝတ်ကျေ အငယ်ရ' 'ဝတ္တရား ဘုရားအကြိုက်အပျားကြိုက်'

mgyoe.com


ဆရာကြီး ခင်ဗျာ
အိမ်ထောင်ပြုပြီးပါပြီ...
ငါ့သမီး နှင့် ငါ့သားတို့
ကြီးပွားချမ်းသာကြပါစေ